# ပြည်ထောင်စုအဆင့် ပထမအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲ သဘောတူညီချက်

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၉ ရက် | နေရာ၊ လွိုင်ကော်မြို့

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်ချက်အရ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ(KNPP)နှင့် ငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ(KNPP)မှ ဖွဲ့စည်းထားသော ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် ၉-၆-၂၀၁၂ ရက်နေ့တွင် လွိုင်ကော်မြို့၊ တပ်နယ်ခန်းမ၌ ဆွေးနွေးခဲ့ကြပါသည်။

၂။ အဆိုပါဆွေးနွေးပွဲတွင် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ(KNPP)မှ တင်ပြသည့် အချက်(၂၀)အား ဆွေးနွေးကြပြီးနောက် အောက်ပါအတိုင်း သဘောတူညီကြသည်-

(က) **သဘောတူညီချက်(၁)။** ၂၀၁၂ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ပြည်နယ်အဆင့် ပဏာမ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးနောက် ကယားပြည်နယ်အတွင်း တိုက်ပွဲများထပ်မံ မဖြစ်ပွားခဲ့ခြင်းအပေါ် နှစ်ဖက်မှ အသိအမှတ်ပြုသည်။ ခုခံစစ်မှအပ ထိုးစစ်များအားလုံး ဆက်လက်ရပ်ဆိုင်းထားရန် နှစ်ဖက်မှ သဘောတူညီသည်။ ကယားပြည်နယ်အတွင်းရှိ တပ်မ/စကစတပ်ဖွဲ့များနှင့်စပ်လျဉ်း၍ နောက်တစ်ကြိမ် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲတွင် နှစ်ဖက်မှဆက်လက်ဆွေးနွေးသွားရန် သဘော တူညီသည်။

(ခ) **သဘောတူညီချက်(၂)**

(၁) တပ်စခန်းများ နေရာသတ်မှတ်ချထားခြင်း၊ သွားလာလှုပ်ရှားမည့်နေရာ ဒေသများ သတ်မှတ်ခြင်းနှင့် ပတ်သက်၍ နောက်တစ်ကြိမ်ပြုလုပ်မည့် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲတွင် ဆက်လက်ဆွေးနွေး အဖြေရှာရန် အတွက် နှစ်ဖက်မှ သဘောတူသည်။

(၂) ဆက်ဆံရေးရုံးများနှင့်ပတ်သက်၍လွိုင်ကော်မြို့တွင် ဆက်ဆံရေးရုံးချုပ်ကို ဖွင့်လှစ်ပြီး ဖားဆောင်းမြို့နှင့် ရှားတောမြို့နယ်များတွင် ဆက်ဆံရေးရုံးခွဲများ ဖွင့်လှစ်သွားရန်၊ကျန်သဘောတူညီသည့် မြို့နယ်များတွင်လည်း ဆက်ဆံရေး ရုံးများ ဆက်လက်ဖွင့်လှစ် သွားနိုင်ရေးအတွက် ဆောင်ရွက်သွားရန် သဘောတူသည်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဆက်ဆံရေးရုံးဖွင့်လှစ်မှု အတွက် ဆက်သွယ်ရေးအဆင်ပြေရန် ကူညီဆောင်ရွက်ပေးရန် သဘောတူ သည်။

(၃) နှစ်ဖက် ဆက်သွယ်ရေး တာဝန်ခံထားရှိမည့်ပုဂ္ဂိုလ်အား နှစ်ဦးနှစ်ဖက်သဘော တူညီမှုဖြင့် ထားရှိရန် သဘောတူသည်။

(ဂ) **သဘောတူညီချက်(၃)။** အစိုးရနှင့်ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) အကြား အပစ်အခတ်ရပ်စဲရေး ခိုင်မာစွာတည်ဆောက်နိုင်ရန်နှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်သွား နိုင်ရန်အတွက် ဒေသကြီးကြပ်စောင့်ကြည့်ရေးအဖွဲ့(Local Monitor)အား ဖွဲ့စည်း သွားရန် သဘောတူသည်။ ဒေသကြီးကြပ်စောင့်ကြည့်ရေး အဖွဲ့ဝင်အဖြစ် ထားရှိမည့် လူပုဂ္ဂိုလ်စာရင်းကို အပြန်အလှန်ညှိနှိုင်းအတည်ပြုရန် သဘောတူသည်။

(ဃ) **သဘောတူညီချက်(၄)။** ကယားပြည်နယ်အတွင်း လေ့ကျင့်ရေးကျောင်းတည် ဆောက်နေခြင်းနှင့်စပ်လျဉ်း၍ ပြည်သူလူထု၏ဆန္ဒကို လေ့လာသုံးသပ်နိုင်ရန် အတွက် ကယားပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အဆင့် လေ့လာသုံးသပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးပြီး အစီရင်ခံစာကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်နေ့နောက်ဆုံးထားပြီး နိုင်ငံတော်သမ္မတထံ တင်ပြရန် သဘောတူသည်။

(င) **သဘောတူညီချက်(၅)။** ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ(IDP)များ ပြန်လည်နေရာ ချထားရေးအစီအစဉ်ကို စနစ်တကျဖြစ်စေရန်အတွက် နှစ်ဖက်ညှိနှိုင်း ဆောင်ရွက် သွားရန် သဘောတူသည်။

(စ) **သဘောတူညီချက်(၆)။** ကယားပြည်နယ်အတွင်း အကောင်အထည်ဖော်မည့် ရွာသစ်စီမံကိန်းအပါအဝင် အကြီးစားစီမံကိန်းများကို အများပြည်သူလူထု လူမှုအသင်းအဖွဲ့များအား လေ့လာခွင့်ပြုရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန်အတွက် အသိ ပေးသွားရန် သဘောတူသည်။

(ဆ) **သဘောတူညီချက်(၇)။** ကယားပြည်နယ်အတွင်း လူ့အခွင့် အရေးချိုးဖောက်မှု များ မရှိစေရန်အတွက် အမျိုးသားလူ့အခွင့်အရေးကော်မရှင် နှင့် ပူးပေါင်းဆောင်ရွက် ရန်သဘောတူသည်။ (Local Monitoring Group)အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် သဘောတူသည်။

(ဇ) **သဘောတူညီချက်(၈)။** အကူးအပြောင်းကာလတွင် ကျန်းမာရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေးနှင့် လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်နေသော INGO, NGO အဖွဲ့ အစည်းများကို ဆက်လက်လုပ်ဆောင်ခွင့်ပြုပြီး တချိန်တည်းတွင် ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရသို့ တင်ပြသွားရန် သဘောတူသည်။

(ဈ) **သဘောတူညီချက်(၉)။** KNPP တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များကို နိုင်ငံတော် အစိုးရ၏ အကူအညီဖြင့်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၏အကူအညီ ဖြင့် လည်းကောင်း အကူအညီပေးရန် သဘောတူသည်။ ဥပဒေနှင့်အညီ စီးပွားရေး ကုမ္ပဏီများ ထူထောင်ဆောင် ရွက်လိုပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ခွင့်ပြုချက်ရရှိရေး ကူညီဆောင်ရွက်ပေးရန် သဘောတူသည်။

(ည) **သဘောတူညီချက်(၁၀)။** KNPP လက်နက်ကိုင်အဖွဲ့ဝင်များနှင့်ဆက်နွယ်သည့် အကျဉ်းသားများ ဖမ်းဆီးခံထားရခြင်းကို ရာဇဝတ်မှုမှအပ အမြန်ဆုံးပြန်လည် လွှတ်မြောက်ရေး ကူညီဆောင်ရွက်ပေးရန် သဘောတူသည်။

(ဋ) **သဘောတူညီချက်(၁၁)။** နှစ်ဖက်နိုင်ငံရေး တွေ့ဆုံဆွေးနွေးရေးဖြစ်စဉ်များတွင် ပိုမိုထိရောက်အကျိုးရှိစေနိုင်ရန်အတွက် နှစ်ဖက်သဘောတူညီသော ပုဂ္ဂိုလ်များ ပါဝင်သည့် လေ့လာရေးအဖွဲ့ (Observer) ထားရှိရန် သဘောတူသည်။

(ဌ) **သဘောတူညီချက်(၁၂)။** ကယားပြည်နယ်အတွင်း မူးယစ်ဆေးဝါးပပျောက်ရေး နှင့်လူမှုဘဝပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုနိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရ နှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူသည်။

(ဍ) **သဘောတူညီချက်(၁၃)။** အပစ်အခတ်ရပ်စဲရန် သဘောတူညီလက်မှတ်ရေးထိုး ပြီးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်း များ၊ နိုင်ငံရေးပါတီများအားလုံးပါဝင်သော တစ်နိုင်ငံလုံးအတိုင်းအတာဆောင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကို အမြန်ဆုံး ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားရန် သဘောတူသည်။

(ဎ) **သဘောတူညီချက်(၁၄)။** ၂၀၁၂ ခုနှစ်၊ မတ်လ (၇)ရက်နေ့တွင် ပြည်နယ်အဆင့် လက်မှတ်ရေးထိုးခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများအတွက်လည်း ကောင်း၊ ၂၀၁၂ခုနှစ်၊ ဇွန်လ (၉)ရက်နေ့တွင် ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုး သည့် သဘောတူညီမှုများအတွက်လည်းကောင်း နှစ်ဖက်အဖွဲ့အစည်းက တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြောင်း သဘောတူသည်။

၃။ အထက်ဖော်ပြပါအချက်များကို သဘောတူညီကြပါသဖြင့် အောက်တွင် လက်မှတ်ရေးထိုး ကြပါသည်-

| ပြည်ထောင်စုအဆင့်<br>ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ | KNPP<br>ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ |
|---|---|
| (signature) | (signature) |
| ၁။ ဦးအောင်မင်း<br>ပြည်ထောင်စုဝန်ကြီး<br>ဒုတိယဥက္ကဋ္ဌ<br>ပြည်ထောင်စုငြိမ်းချမ်းရေး<br>ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ | ၁။ ခူဦးရယ်<br>အဖွဲ့ခေါင်းဆောင်<br>KNPPငြိမ်းချမ်းရေး<br>ဖော်ဆောင်ရေးအဖွဲ့ |

၂။ ဦးသန်းဌေး
ပြည်ထောင်စုဝန်ကြီး
အဖွဲ့ဝင်
ပြည်ထောင်စုငြိမ်းချမ်းရေး
ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

၃။ ဦးခင်မောင်စိုး
ပြည်ထောင်စုဝန်ကြီး
အဖွဲ့ဝင်
ပြည်ထောင်စုငြိမ်းချမ်းရေး
ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

၄။ ဦးခင့်မောင်ဦး (ခ) ဦးဘူးရယ်
ကယားပြည်နယ်ဝန်ကြီးချုပ်
အဖွဲ့ဝင်
ပြည်ထောင်စုငြိမ်းချမ်းရေး
ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

၅။ ဗိုလ်ချုပ်စိုးထွန်း
တိုင်းမှူး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်
အဖွဲ့ဝင်
ပြည်ထောင်စုငြိမ်းချမ်းရေး
ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

၂။ ဗိုလ်ချုပ်ဘီထူး
ဒုအဖွဲ့ခေါင်းဆောင်
KNPPငြိမ်းချမ်းရေးဖော်ဆောင်ရေး
အဖွဲ့

၃။ ဦးအောင်ဆန်းမြင့်
အဖွဲ့ဝင်
KNPPငြိမ်းချမ်းရေးဖော်ဆောင်ရေး
အဖွဲ့

၄။ ဗိုလ်မှူးကြီးဘုန်းနိုင်
အဖွဲ့ဝင်
KNPPငြိမ်းချမ်းရေးဖော်ဆောင်ရေး
အဖွဲ့

၅။ ခူရှားရယ်
အဖွဲ့ဝင်
KNPPငြိမ်းချမ်းရေးဖော်ဆောင်ရေး
အဖွဲ့

၆။ ဗိုလ်ချုပ်ဇော်ဝင်း
ဒုတိယဝန်ကြီး
အဖွဲ့ဝင်
ပြည်ထောင်စုငြိမ်းချမ်းရေး
ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

၇။ ဦးထွန်းထွန်းဦး
ဒုတိယရှေ့နေချုပ်
အဖွဲ့ဝင်
ပြည်ထောင်စုငြိမ်းချမ်းရေး
ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

၈။ ဗိုလ်မှူးချုပ်ဝင်းမြင့်
ဒေသကွပ်ကဲရေးမှူး
ဒေသကွပ်ကဲမှုစစ်ဌာနချုပ်
(လွိုင်ကော်)

၉။ ဗိုလ်မှူးကြီးကျော်စိုးဝင်း
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

၆။ ခူဒယ်နီရယ်
အဖွဲ့ဝင်
KNPPငြိမ်းချမ်းရေးဖော်ဆောင်ရေး
အဖွဲ့

၇။ ဦးရွှေမျိုးသန့်
အဖွဲ့ဝင်
KNPPငြိမ်းချမ်းရေးဖော်ဆောင်ရေး
အဖွဲ့

*7.6.2012*

၈။ ခူညေးရယ်
အဖွဲ့ဝင်
KNPPငြိမ်းချမ်းရေးဖော်ဆောင်ရေး
အဖွဲ့

၉။ ခူပလုရယ်
အဖွဲ့ဝင်
KNPPငြိမ်းချမ်းရေးဖော်ဆောင်ရေး
အဖွဲ့

အသိသက်သေ

၁။ ဦးဦးရယ်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

၂။ ဦးပိမောင်စိုး
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

၃။ ဦးရီးချက်
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

၄။ ဦးဟှာမောင်ရွှေ
ငြိမ်းချမ်းရေးအကျိုးဆောင်

၁။ ဆရာတော်ကျော်ထူး
နှစ်ခြင်းအသင်းတော်

၂။ ဦးခင်မောင်ချို
ရပ်မိရပ်ဖ

၃။ ဦးကျောကလက်
ရပ်မိရပ်ဖ

၄။ ဦးကြည်စိန် ( [illegible] )
ငြိမ်းချမ်းရေးအကျိုးဆောင်